Highlight from DVB Biz Debate's Human Trafficking Show

22 July 2017

How much does trafficking costs?

ရဲမှူးကြီးခင်မောင်လှ(ငြိမ်း)၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

ဒေါ်စုစင်နာလှလှစိုး (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

ဒေါ်မာမာဦး (တာဝန်ခံ)၊ Association for Labour and Development

ဒေါ်နီမိုလှိုင် (ပြည်တွင်း၊ပြည်ပ ဆက်သွယ်ရေးတာဝန်ခံ)၊ ရောင်ခြည်ဦးအလုပ်သမားအဖွဲ့

"လူကုန်ကူးမှုဆိုတာကတော့
လူတိုင်းဖြစ်နိုင်တယ်ဗျ။မွေးကတည်းကစပြီးတော့မှ အသက်အရွယ်ကြီး တဲ့အထိ လူတိုင် လူတိုင်းလူ
ကုန်ကူးမှုဖြစ်နိုင်တယ်။ဒါပေမယ့်ဖြစ်တဲ့ကြားထဲမှာမှ အများဆုံးဘယ်သူတွေဖြစ် နိုင်လဲဆိုတော့
နိုင်လဲဆိုတော့ အမျိုးသမီးနဲ့ကလေးငယ်တွေက ယေဘုယျမှန်တာပေါ့နော်။ပြီးတော့ လူကုန်ကူးမှု
လူကုန်ကူးမှု
ဖြစ်ရတဲ့အကြောင်းတရားကတော့ ဆင်းရဲမွဲတေမှု၊ ပြည်တွင်းမှာအလုပ်အကိုင်ရှားပါး ပြီးတော့
ပြီးတော့ ပြည်ပမှာအလုပ်အကိုင်ပေါများတဲ့အချက်ရယ်၊ ပြည်တွင်းမှာတနေ့လုပ်အားခနဲ့ ကျန်တဲ့န
န်တဲ့နိုင်ငံတွေရဲ့ တနေ
တနေ့လုပ်အားခကွာဟမှုတွေကြောင့်ပါ။နောက်တချက်ကတော့ တရားဝင်သွားတဲ့ကုန်ကျစားရိတ်က
တ်က
တရားမဝင်သွားတဲ့ကုန်ကျစားရိတ်ထက်ပိုပြီးများတဲ့အတွက်ကြောင့် ဒါ ဒါတွေကိုအကြောင်းပြုပြီးေ
တာ့ လူကုန်ကူးမှုတွေဖြစ်နေရတယ်" ရဲမှူးကြီးခင်မောင်လှ(ငြိမ်း)

---------------------------------------------------------------------------------------------------

"အဓိကလုပ်ဆောင်နေတဲ့လူကုန်ကူးမှုရဲတပ်ဖွဲ့တွေပေါ့နော်၊သူတို့ရဲ့လုပ်ဆောင်မှုက သွက်လ
သွက်လက်မြန် ဆန်မှုရှိရမယ်။နောက် infrastructure
လဲလိုမှာပေါ့နော်။ပြီးတော့သူတို့လုပ်ဆောင်တဲ့နေရာမှာ ပံ့ပိုး

ပံ့ပိုးလုပ်ဆောင်တဲ့နည်းပညာအထောက်အကူပြုမှုတွေလဲရှိရမယ်။ဒါကတော့အစိုးရပိုင်းကပေါ့။နောက်တချက်ကတော့ ဥပဒေတွေကလဲ တခုနဲ့တခုသဟဇာတရှိရမယ်” ဒေါ်စုစင်နာလှလှစိုး (
(အမျိုးသား လွှတ်တော်ကိုယ်စားလှယ်)

---

“လူကုန်ကူးမှုတိုက်ဖျက်တဲ့နေရာမှာ ကျနော်တို့က ဘာ
ဘာကိုအဓိကထားလုပ်လဲဆိုတော့ ⎿
ကြိုတင်ကာ
ကွယ်မှုကိုအဓိကထားလုပ်တယ်။ကြိုတင်ကာကွယ်မှုတွေလုပ်ထားတဲ့ကြားကဖြစ်လာရင် ကျနော်တို့က ဥပဒေအရ တရားစွဲရမယ်။ဥပဒေအရတရားဆွဲပြီးရင် ကျူးလွန်တဲ့သူတွေကို ထိ
ထိရောက်တဲ့ပြစ်ဒဏ်နဲ့ ကျရောက်ဖို့ဆောင်ရွက်ရမယ်။လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ အခန်း ၅ ဒ အခန်း ၅၊ ၆၊ ၇ မှာလဲ ပြဌာန်း ထားပြီးသားပါ။ပြီးတော့လူကုန်ကူးခံရတဲ့သူက မိန်းခ
မိန်းခလေးနဲ့ကလေးသူငယ်တွေဆိုရင် အထူးကာကွယ် စော
စောင့်ရှောက်ရမယ်ဆိုတာပါပြီးသားပါ။ဒီတော့ လူကုန်ကူးမှုဟာ ကျနော
ကျနော်တို့ ၁
၁၉၉၇ခုနှစ်ကတည်းက အမျိုးသားရေးတာဝန်တရပ်အနေနဲ့သတ်မှတ်ထားတယ်။အမျိုးသားရေးတာဝ
းတာဝန်ဖြစ်လို့ လူတိုင်းက ဒါတွေကိုပူးပေါင်းတိုက်ဖျက်ဖို့အတွက်တာဝန်ရှိပါတယ်”
ရဲမှူးကြီးခင်မောင်လှ(ငြိမ်း)၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

---

“ကြိုတင်ကာကွယ်မှုနဲ့ပတ်သတ်လို့လုပ်တဲ့အပိုင်းတော့လုပ်တယ်။ဒါပေမယ့် ခြုံငြ
ခြုံငြုံမှုမရှိဘူးပေါ့။နောက် တခုက ကျမတို့နိုင်ငံမှာ information
ကစီးဆင်းမှုကနှောင့်နေးတယ်ပေါ့နော်။ဥပဒေနဲ့ပတ်သတ်လို့ ကတော့ ဥပဒေတွေကရှိတ
ဥပဒေတွေကရှိတယ်။ဒါပေမယ့် conflict
ဖြစ်သွားတဲ့ဥပဒေတွေကလဲရှိတဲ့အတွက်ကြောင့် လုပ်ရကိုင်ရခက်တာမျိုးတွေလဲရှိတယ်”
ဒေါ်စုစင်နာလှလှစိုး (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

---

“Law ပြင်ပြီးမှ လူ
လူကုန်ကူးမှုကိုထိထိရောက်ရောက်လုပ်နိုင်မယ်ဆိုတာကို ကျနော်ဖြည့်စွက်ပြီးတော့ ဆွေးနွေးချင်ပါတ
ဆွေးနွေးချင်ပါတယ်။ဘာလို့လဲဆိုတော့ ကျနော်တို့ လူကုန်ကူးမှုဥပဒေဟာ ၂၀၀၄မှာ

၂၀၁၄မှာစွဲတယ်။စွဲတဲ့ အချိန်မှာလဲ
ကျနော်တို့က နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာသူရဲ့သတ်မှတ်ချက်တွေနဲ့အညီ ပြည် တွင်းပြ
ပြည် တွင်းပြည်ပပညာရှင်တွေနဲ့စွဲထားတာ။ဒီတော့ရှင်းရှင်းပြောရရင် ဒါက ပြည်စုံပါတယ်။အခုကျနော
နော် တို့က Law ကို လုံး၀ ပြင်ဖြစ်မှာမဟုတ်ဘူး၊ ပြန်လ
ပြန်လည်သုံးသပ်မှာပေါ့နော်။ဒီထဲမှာလုပ်ရင်းကိုင်ရင်း နဲ့အခက်အခဲရှိတာလေးတွေရှိတယ်။ဥပမာ-
ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၁၅၄ အရ ရဲဟာ အမှုဖွင့် ပြီးမှ
ပြီးမှစုံစမ်းထောက်လှမ်းလို့ရတယ်။ဒါပေမယ့်လူကုန်ကူးမှုမှာ အမှုဖွင
အမှုဖွင့်ပြီးမှစုံစမ်းနေမယ်ဆိုရင် လူတစ်
လူတစ်
ယောက်ရဲ့ဘ၀မပျက်စီးသင့်ဘဲနဲ့ပျက်စီးကုန်မယ်။ဒါတွေကိုဖြေလျှော့လို့ရမလား။ဒါမျိုးပြင်တာပါ”
ရဲမှူးကြီးခင်မောင်လှ(ငြိမ်း)၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

---------------------------------------------------------------------------------------------------

“ပြီးခဲ့တဲ့၂၀၁၆ နို၀င်ဘာလ ၂၁ရက်နေ့က မြောက်ဥ
မြောက်ဥက္ကလာပ ၀ေဘာကီမြို့နယ်မှာဖြစ်ပွားခဲ့တာပါ။အဲ့ဒီ ဖြစ်ပွားတဲ့အချိန်က ကျနော ကျနော်မှာ
သတင်းအချက်အလက်လေးတွေပြည့်စုံတာနဲ့ ဒါကဘာနဲ့သက်ဆိုင်လဲ ဆိုတော့
ဆိုတော့ လူကုန်ကူးမှုနဲ့သက်ဆိုင်တယ်ဆိုလို့ စ
စခန်းကိုထိရောက်တဲ့အချက်အလက်တွေနဲ့စခန်းကို သွား
သွားရောက်ပြီးအမှုဖွင့်ခဲ့ပါတယ်။ပြီးတော့လူကုန်ကူးခံထားရတဲ့မစုမြတ်ဆိုတဲ့ မိန်းခ‌ေ
မိန်းခလေးနဲ့ကျနော်တို့ အဆ
အဆက်
အသွယ်ရတဲ့အချိန်မှာသူယူနန်ပြည်နယ်ကိုရောက်နေတယ်ပေါ့နော်။အဲ့ဒီအတွက်ပြန်လိုချင် ရင် သိန်
င် သိန်း ၁
၁၈၀ပေးရမယ်ဆိုပြီးအဲ့ဒီအထိကျနော်တို့အဆက်အသွယ်ရခဲ့တယ်။ဒီအချက်အလက်တွေကို လဲစ
လဲစခန်း ကိုသတင်းပို့ခဲ့တယ်။အခုနောက်ပိုင်းမှာတော့သတင်းအစအနပျောက်သွားခဲ့တာအခုအချိန်
ချိန် အထိဘဲ။ဒါလေးကိုကျနော်လာတင်ပြတာပါ” ကိုမောင်မောင်မြင့်(လူကုန်ကူးမှုခံရတဲ့မိသားစု၀င်)

---------------------------------------------------------------------------------------------------

“ကျနော်ပြောချင်တာက ဒီမိန်းခလေး အခုဘ
အခုဘယ်ပြည်နယ်ကိုရောက်နေသလဲ။ဖုန်းနဲ့ဆက်လို့ရလား၊ တခုခုနဲ့ဆက်သွယ်လို့ရရင် ကျနော်တို့အ
တို့အချိန်မရွေးကယ်လို့ရတယ်။အခုက
ဘယ်မှာရောက်မှန်း မသိဘူး။ဘယ်လမ်းကြောင်းကသွားမှန်းလဲမသိဘူး။သူ့ကိုရောင်းစားတဲ့သူကလဲဘ

ယ်သူမှန်းလဲ မ
မသိဘူးဆိုတော့ ကျနော်တို့က သတင်းအရင်းအမြစ်တခုရမှ လိုက်လို့ရတယ်။အခုဆိုရင် မူဆယ်၊ ချင်
ချင်းရွှေဟော် ကချင်ပြည်နယ်ကအဖွဲ့တွေမှာဆိုရင် တရုတ်ဖုန်းတွေရှိတယ်။တရုတ်ဖုန်းရလို့ရှိရင် သူတို့
ရင် သူတို့နဲ့တိုက်ရိုက်ဆက်သွယ်ပြီးတော့မှဘဲ။အဖြစ်နိုင်ဆုံးကတရုတ်ပြည်မှာရောက်နေတဲ့ contact
တခုခုရလို့ရှိရင် ကျနော်တို့ကတရုတ်ဖုန်းကိုသုံးပြီး သူတို့နဲ့တိုက်ရိုက်ရရင်တိုက်ရိုက်လုပ်ပေးတယ်"
ရဲမှူးကြီးခင်မောင်လှ(ငြိမ်း)၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

---

" လူကုန်ကူးခံရတဲ့လူတွေတော်တော်များများက မြို့
မြို့နဲ့အဝေးဆုံးနေရာတွေမှာရှိပြီးတော့ သူတို့ဒေသ တွေမှာစီး
တွေမှာစီးပွားရေးအဆင်မပြေတာတွေရှိသလို ပညာရေးအဆင့်အတန်းကလဲ ၄တန်းဘဲရှိ
၄တန်းဘဲရှိတယ်။ကျမ ကယ်ဆယ်ခဲ့ရတဲ့သူဆိုရင် ၁၂-၁၂-၂၀၁၆ မှာ သရ
သရက်နဲ့အောင်လံက အလုပ်သမား ၂၅ ယောက်မှာ အမျိုးသမီး ၂
၂ ယောက်ပါပြီးကျန်တာ အမျိုးသားတွေချည်းဘဲ လူကု
လူကုန်ကူးခံရတာ။ပြီးတော့ လူကုန်ကူးမှု နဲ့ပတ်သတ်လို့ ကျ
ကျမတောက်လျှောက်ကူညီပေးခဲ့တဲ့နေရာမှာ ဘာအားနည်းချက်တခု သွားတွေ့လဲဆို တော့ တ
တော့ တ
တကယ်တမ်းတိတိကျကျမိထားတဲ့တရားခံတဦးဟာ အမှုရင်ဆိုင်ပြီးရင် သူဟာ ပြစ်ဒဏ်ဆိုတာ ရှိရ
ရှိရမယ်လေ။ဒါပေမယ့်ပြစ်ဒဏ်မရှိဘဲနဲ့ လွှတ်နေ
လွှတ်နေတာသွားတွေ့ရတယ်။ဒီတော့ဒါကကျမတို့အတွက်လဲ အန္တရာယ်ရှိတယ်"-
ဒေါ်မာမာဦး(တာဝန်ခံ)၊ Association for Labour and Development

---

"တရားခံကိုချုပ်တာက ရဲ side ကဆိုရင် အမှုတည်ဆောက်တာက ၁လဆိုရင် ၁
၁လယူလို့ရတယ်။ လူ ကုန်ကူးမှုဆိုရင်ပေါ့။၁လပြည့်လို့ရှိရင်တော့ တရား
တရားရုံးကို ကျနော်တို့ကတရားစွဲတင်ရတယ်။ဒီတော့ တရား
တရားသူကြီးရဲ့ခွင့်ပြုချက်မရှိဘဲနဲ့တော့ တရားခံကိုဘယ်သူမျှလွှတ်ပေးလို့မရဘူး။ ဒါပေမ
ဒါပေမယ့်တရားသူ ကြီးရဲ့ဆင်ခြင်တုံတရားနဲ့တော့ သူအာမခံပေးလို့ရတယ်။ဒါမှမဟုတ်ရင် ဒီလူ
ဒီလူကုန်ကူးမှုပေတံတွေနဲ့ တိုင်းပြီးတော့မှမဖြောက်ခဲ့ရင်သူလွှတ်ပေးလို့ရတယ်"
ရဲမှူးကြီးခင်မောင်လှ(ငြိမ်း)၊ လူကုန်ကူးမှုတား ဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

---

"လူကုန်ကူးမှုဥပဒေကို ကျမတို့လွှတ်တော်မှာ ပြန်ပြီးတော့ပြင်ဆင်မယ်ဆိုတော့ ဒီအချက်
ဒီအချက်တွေကလဲ စဉ်းစားစရာပေါ့။အဲ့ဒါကျရင်တော့ ကျမတို့ လူမှု
လူမှုအဖွဲ့ အစည်းတွေအားလုံးဖိတ်ပြီးတော့ သူတို့ရဲ့ အသံ ကိုနားထောင်ပါမယ်။ပြီးတော့ အမိပါယ်ဖွ
အမိပါယ်ဖွင့်ဆိုချက်ကအစပေါ့နော် ပြင်သင့်ရင်ပြင်ရမှာပေါ့နော်" ဒေါ်စုစင်နာလှလှစိုး (
(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

------------------------------------------------------------------------------------------------

"အေးဂျင်ကနေသွားတယ်။ဒါပေမယ့် ဒီအိမ်ရဲ့ အပြင်ကနေသူတို့ထွက်ခွင့်မရှိဘူး။နောက်အဲ့ဒီကိုရောက်

တာနဲ့သူတို့ဆီမှာပါလာတဲ့စာရွက်စာတမ်းတွေအကုန်လုံးကိုသိမ်းထားလိုက်တယ်။ဒါကထိုင်းနိုင်ငံကို
ုင်ငံကို ရောက်လာတဲ့အခါမှာ သူ
သူတို့ဆီကနေငွေကြေးအရ ကိုက်ညီတဲ့တန်ဖိုးမရသေးဘဲနဲ့ပြန်မလွှတ်နိုင်ဘူး ဆို
ဆိုတဲ့အနေအထားမျိုးရှိမယ်။ဒါကကော လူကုန်ကူးမှုမြောက်လား မမြောက်ဘူးလားပေ့ါနော်"
ဒေါ်နီမိုလှိုင် (ပြည်တွင်း၊ပြည်ပ ဆက်သွယ်ရေးတာဝန်ခံ)၊ ရောင်ခြည်ဦးအလုပ်သမားအဖွဲ့

------------------------------------------------------------------------------------------------

"နိုင်ငံဖြတ်ကျော်မှုခင်းတွေနဲ့ပတ်သတ်လို့ ထိုင်းနိုင်ငံကော၊ ကျနော်တို့ကော
ကျနော်တို့ကော ဝ
ဝင်ထားပါတယ်။ပြီးတော့ နော
နောက်ဆက်တွဲလူကုန်ကူးမှုတိုက်ဖျက်ရေးစာချုပ်ကိုလဲ သူ
သူတို့လဲဝင်တယ်
ကျနော်တို့လဲဝင်ထားတယ်။ ဒီတော့ထိုင်းနဲ့ပေါင်းလုပ်တာက တရုတ်နဲ့ပေါင်းလုပ်တာထက်ပိုများတယ်။
ဒီတော့လူကုန်ကူးမှုနဲ့ပတ် သ
သတ်လို့ကျနော်တို့ဘယ်လိုလုပ်လဲဆိုရင် ထိုင်းနိုင်ငံကတော်ဝင်ရဲတပ်ဖွဲ့နဲ့ ကျနော်တို့မြန်မာနိုင်ငံရဲတပ်
ံငံရဲတပ် ဖွဲ့နဲ့တိုက်ရိုက်ချိတ်ဆက်ပြီးတော့လုပ်တာတွေရှိတယ်။ဒ့ါအပြင်နိုင်ငံတော်အဆင့်ဆောင်ရွက်
ထားတာ
တွေလဲရှိပါတယ်။ဒါကြောင့်ဒီလိုမျိုးပြဿနာဖြစ်ပြီဟေ့ဆိုရင် ဒီလိုအဖွဲ့ အစည်းတွေနဲ့တိုက်ရိုက်ထိတွေ့
ရိုက်ထိတွေ့ ပြီးတော့အကူအညီတောင်းလို့ရပါတယ်" ရဲမှူးကြီးခင်မောင်လှ(ငြိမ်း)၊ လူ
လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့

------------------------------------------------------------------------------------------------

ပရိသတ်-မယုကီကို ((လူကုန်ကူးတဲ့အထဲမှာ
အသက်မပြည့်သေးတဲ့ကလေးသူငယ်တွေကို ပြည်တွင်း မှာအိ
မှာအိမ်ဖော်အဖြစ်သော်လည်းကောင်း၊လဘက်ရည်ဆိုင်လုပ်သားတွေအဖြစ်သော်လည်းကောင်း ဒီနေ့
းကောင်း ဒီနေ့ အထိအ
အထိအခကြေးငွေနဲ့ ပွဲစားတွေကတဆင့်ကုန်ကူးနေတာတွေရှိနေပါတယ်။အဲတော့ဒီကိစ္စနဲ့ပတ်သတ်
့ပတ်သတ်
ပြီးတော့လူကုန်ကူးမှုတားဆီးရေးတာဝန်ခံတွေအနေနဲ့ဘယ်လိုထိန်းချုပ်မှုတွေလုပ်မလဲဆိုတာသိချင်
ိချင် ပါတယ်))

ပရိသတ်-ကိုထွန်းထွန်း ((တရုတ်နိုင်ငံမှာလူကုန်ကူးမှုက များသ
များသထက်များလာပါတယ်။ဒီနေရာမှာ ကျနော်ပြောချင်တာက ပွဲစားဟာ ပြည်တွင်းထဲမှာရှိသလို တ
ျသလို တ
တရုတ်ပြည်မှာလဲရှိတယ်။ဒီတော့ပြည်တွင်း
မှာရှိတဲ့ပွဲစားကိုဖမ်းမယ်။ဖမ်းမယ်လို့လုပ်တဲ့နေရာမှာဘာပြဿနာရှိလဲဆိုတော့ ရောင်းစား
ရောင်းစားခံထားရတဲ့ ကော
ကောင်မလေးက ပြ
ပြည်တွင်းကိုရောက်မှဖမ်းမယ်ဆိုတဲ့ဥပဒေတခုမှားနေပါတယ်။နောက်တချက်က မိဘဟာ သမီးရော
သမီးရောင်းစားရင် ဥပဒေအရ အရေးယူနိုင်ခွင့်ရှိ မရှိသိချင်ပါတယ်))

---

"ကျမတို့ တနိုင်ငံတည်းမဟုတ်ဘူး အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်၊ကဒေ
ဗီယက်နမ်၊ကမ္ဘောဒီးယား၊ထိုင်းနိုင်ငံ ပါပါတယ်။ဆိုတော့ region crisis
ဖြစ်နေတာ။သူတို့လည်းဘဲ ဒီပြဿနာကြီးရှိနေတယ်ဆိုတာ သိတယ်။
သိတယ်။ဒါပေမယ့်တရုတ်နိုင်ငံဟာ သူ့နိုင်ငံ သူ့နိုင်ငံသားကိုအရမ်းကာကွယ်ပေးပါတယ်။ဒါလဲ သူတို့
ဒါလဲ သူတို့ကိုအပြစ်ပြောလို့မရဘူး။အဲတော့ကျမတို့ကလဲ ကျမတို့နိုင်ငံ ကျမတို
ကျမတို့နိုင်ငံသားကိုကာကွယ် ပေးရမယ်" ဒေါ်စူစင်နာလှလှစိုး (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

---

"တရုတ်ပြည်ဟာ နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာကိုဝင်ထားတယ်။ဒါပေမယ့်နောက်ဆက်တွဲ လူကု
ဲဆက်တွဲ လူကုန်ကူးမှုတိုက်ဖျက်ရေးကိုဝင်မထားဘူး။ဝင်မထားတဲ့အတွက် သူ့မှာ TNP Law
မရှိဘူး။ အဲတော့ ကျနော်တို့နိုင်ငံကပွဲစားလေးတွေကိုဘဲ ဖမ်းပြီးထော

ဖမ်းပြီးထောင်ချနေတာ။တကယ်အမြတ်ထုတ်နေတဲ့ပွဲစား တွေကိုကျနော်တို့ကအရေးယူလို့မရဘူး”
ရဲမှူးကြီးခင်မောင်လှ(ငြိမ်း)၊ လူကုန်ကူးမှုတားဆီး နှိမ်နှင်းရေးရဲတပ်ဖွဲ့

------------------------------------------------------------------------------------------

အဆုံးသတ်-

-----------------------------------------------------------------------------------------